**(၄) မှဲ့ပြောက်စွန်း/ ပြောင်းရိုးပုပ်ရောဂါ (Anthracnose/Stalk rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Colletotrichum graminicola* (Ces.) G.W. Wilson**

**ရောဂါလက္ခဏာများ**

အရွက်တွင် ညိုမဲရောင်လုံးရှည်ပုံ ရောဂါကွက်များအား အဝါရောင် အနားရစ်များဖြင့် တွေ့ရသည်။ ရောဂါဖြစ်စေသောမှိုသည် ပင်စည်တွင်လည်းတိုက်ခိုက်သည်။ ပင်စည်တွင် အမဲရောင် လုံးရှည်အကွက်များဖြစ်ပေါ်သည်။

ရောဂါပြင်းထန်ပါကပင်စည်ပုပ်ပြီးတစ်ပင်လုံးခြောက်သေသွားသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါခံနိုင်ရည်ရှိသော စပ်မျိုးပြောင်းများကို ရွေးချယ်စိုက်ပျိုးပါ။
- သီးနှံအလှည့်ကျစိုက်ပါ။
- ရောဂါရပြောင်းဖူးခင်းမှ ပင်ကြွင်းပင်ကျန်နှင့် ပေါင်းမြက်များကို မီးရှို့ဖျက်ဆီးပါ။
- ရောဂါ ကျရောက်ပါက Mancozeb (မန်ကိုဇက်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Propiconazole (ပရိုပီကိုနာဇိုး) စသော မှိုသတ်ဆေး များပက်ဖျန်း အသုံးပြုနိုင် သည်။